
မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၁၄

ဇွန်လ ၂၀၂၅

## ယန္တရားအကြီးအကဲ၏ အမှာစာ



ဒရုန်းများအသုံးပြုခြင်းအပါအဝင် လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများသည် နေရာအနှံ့ပိုဖြစ်နေပြီး မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသောပဋိပက္ခများ၏ ကြောက်မက်ဖွယ်ရာ လက္ခဏာတစ်ရပ်ဖြစ်လာသည်။ မတ်လအတွင်း အင်အားပြင်းထန်သောငလျင်ကြီးလှုပ်ခတ်ပြီးနောက်၊ ကယ်ဆယ်ရေးလုပ်သားများက အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေချိန်လည်းဖြစ်၊ အပစ်အခတ်ရပ်ဆဲထားသည့်ကာလလည်းဖြစ်သည့် အချိန်မှာပင် စစ်တပ်သည် မန္တလေး၊ စစ်ကိုင်းနှင့် အခြားဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ ကျောင်းများ၊ ဆေးရုံများနှင့် လူနေအိမ်များကို ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားများသေကြေဒဏ်ရာရရှိခဲ့ပြီး ရပ်ရွာအသိုက်အဝန်းကို ထိတ်လန့်စေခဲ့သည်။ ယန္တရားသည် ယင်းတိုက်ခိုက်မှုများကို ဦးစားပေးစုံစမ်းစစ်ဆေးလျက်ရှိပြီး ယင်းလုပ်ရပ်များအတွက် တာဝန်ရှိသူများကို ဖော်ထုတ်ရန် အထူးအားထုတ်နေသည်။

ပြီးခဲ့သည့်လကကျင်းပခဲ့သည့် ယန္တရား၏ နှစ်ပတ်လည် အရပ်ဘက်လူမှုအဖွဲ့အစည်းများဒိုင်ယာလော့တွင် ပါဝင်သူများက ဗုံးကြဲမှုများကို အမြဲကြောက်ရွံ့နေရသောကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကြုံတွေ့ရကြောင်း ရှင်းပြခဲ့ကြသည်။ ရပ်ရွာလူထုသည် တိတ်တဆိတ်ရောက်လာတတ်သည့် ဒရုန်းတိုက်ခိုက်မှုများမှ အချိန်မီရှောင်ရှားနိုင်ခြင်းမရှိပါ။ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများသည်လည်း ပုဂ္ဂိုလ်ရေးအန္တရာယ်များကိုရင်ဆိုင်ကာ မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို မှတ်တမ်းတင်ရန် ကြိုးပမ်းနေကြသည်။ ဆွေးနွေးပွဲတွင် ပါဝင်သူများစွာက ငွေကြေးထောက်ပံ့မှု လျှော့ချခံရသောကြောင့် ၎င်းတို့၏လုံခြုံရေးအစီအမံတချို့ကို လျှော့ချခဲ့ရပြီး၊ အဖွဲ့ဝင်များအတွက် အန္တရာယ်ပိုများလာကြောင်း ရှင်းပြခဲ့ကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင် ပြီး၊ ကျွန်တော်တို့ အသစ်ထုတ်ပြန်ထားသည့် **မဟာဗျူဟာစီမံကိန်း**နှင့်အညီ လာမည့်သုံးနှစ်အတွင်း ယန္တရား၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် မရှိမဖြစ်အရေးပါသည်။ ကျွန်တော်တို့သည် တာဝန်ခံမှုရရှိရေးလုပ်ငန်းများကို ပိုမိုထောက်ပံ့နိုင်ဖို့ရာ အရည်အသွေးမြင့်ပြီး ခိုင်မာအားကောင်းသော အထောက်အထားများနှင့် စိစစ်သုံးသပ်မှုများရရှိနိုင်ရန် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို မြှင့်တင်သွားမည်။ ဤသို့ဆောင်ရွက်ရာတွင် ကျွန်တော်တို့နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရသည်။ ဤလုပ်ငန်းများကို လိုအပ်သောရန်ပုံငွေမရှိဘဲ အောင်မြင်စွာလုပ်ဆောင်ရန် ခက်ခဲသည်။ ကုလသမဂ္ဂ၏ လက်ရှိကုန်ကျစရိတ်လျှော့ချမှုများနှင့် အဖွဲ့ဝင်နိုင်ငံများက ငွေကြေးထည့်ဝင်မှု နောက်ကျခြင်း သို့မဟုတ် မပေးချေခြင်းများကြောင့် ဖြစ်ပေါ်နေသောငွေကြေးအခက်အခဲများသည် ယန္တရားကို ကြီးမားသောဘဏ္ဍာရေးဖိအားများ သက်ရောက်နေသည်။

ယခုကာလသည် စိန်ခေါ်မှုများပြည့်နှက်နေသော်လည်း၊ မြန်မာနိုင်ငံကျူးလွန်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို အမိန့်ပေးသူ သို့မဟုတ် ကိုယ်တိုင်ကျူးလွန်သူများကို စုံစမ်းစစ်ဆေးရန် ယန္တရားက အားစိုက်လုပ်ဆောင်နေသည်ကို အရှိန်လျှော့မည်မဟုတ်ပါ။ ကျွန်တော်တို့သည် ရာဇဝတ်မှုကျူးလွန်သူများက မည်သည့်လူမျိုးစု သို့မဟုတ် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းက ဖြစ်နေပါစေ၊ ၎င်းတို့၏လုပ်ရပ်များအတွက် တရားရုံးတွင် တရားစီရင်ခံရရေးကို ရှေ့ရှုလုပ်ဆောင်လျက်ရှိပါသည်။

**နီကိုလတ်စ်ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း




## မဟာဗျူဟာစီမံကိန်း

အသစ်ရေးဆွဲထားသော ယန္တရား၏ မဟာဗျူဟာစီမံကိန်းတွင် ၂၀၂၅-၂၀၂၇ ကာလအတွက် အဓိကဦးတည်ချက်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည်။ ဤမဟာဗျူဟာစီမံကိန်းသည် ယန္တရား၏လုပ်ပိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ပြောင်းလဲနေသည့်အခြေအနေများကို တုံ့ပြန်နိုင်ရေးအတွက် တိကျရှင်းလင်းပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို လမ်းညွှန်ထားသည်။

ယန္တရား၏ လာမည့်သုံးနှစ်တာကာလအတွင်းအကောင်အထည်ဖော်မည့် အခြေခံဦးတည်ချက်သုံးရပ်မှာ -

**၁။** ယန္တရား၏ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး ကြိုးပမ်းအားထုတ်မှုများတွင် အသုံးပြုမည်။
**၂။** ယန္တရားသည် သက်သေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် တိုးချဲ့ချိတ်ဆက်မည်။
**၃။** ယန္တရားအနေဖြင့် အခက်အခဲများကို ရင်ဆိုင်နိုင်စွမ်းရှိပြီး လိုက်လျောညီထွေလုပ်ဆောင်နိုင်ရန် ပြင်ဆင်မည်။

ဤဦးတည်ချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ယန္တရားသည် မဟာဗျူဟာကျ ရည်မှန်းချက် (၆) ရပ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ယင်းတို့မှာ အထောက်အထားများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာတရားစွဲဆို ရေးလုပ်ငန်းများတွင် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို ပိုမိုအသုံးပြုလာစေရန် ကြိုးပမ်းခြင်း၊ ယန္တရားနှင့်အဆက်အသွယ်ရှိသူများ၏ လုံခြုံရေးကိုကာကွယ်ခြင်း၊ ပြန်ကြားရေးနှင့် လူထုဆက်ဆံရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အဖွဲ့အစည်း၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မြန်မာနိုင်ငံ၏အနာဂတ်တွင် ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ခြင်း တို့ဖြစ်သည်။



# ရန်ပုံငွေ

မဟာဗျူဟာစီမံကိန်းတွင်သတ်မှတ်ထားသော ဦးတည်ချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ယန္တရားတွင် လုံလောက်သောအရင်းအမြစ်များရှိရန် လိုအပ်ပါသည်။ ယန္တရားသည် အထွေထွေညီလာခံကနှစ်စဉ်အတည်ပြုသော ကုလသမဂ္ဂ၏ပုံမှန်ရန်ပုံငွေဖြင့် လည်ပတ်နေသည်။ ထို့အပြင် အထူးစီမံကိန်းများအတွက် အလှူရှင်များ၏ စေတနာအလျောက်ထည့်ဝင်ငွေများဖြင့်လည်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ၏ ငွေကြေးအကျပ်အတည်းနှင့် မကြာမီက စတင်ကျင့်သုံးသည့် ခြိုးခြံချွေတာရေးအစီအမံများသည် ယန္တရားကို သိသိသာသာသက်ရောက်မှုရှိခဲ့ပြီး ဝန်ထမ်းအင်အားနှင့် အခြားအရင်းအမြစ်များတွင် ကန့်သတ်ချက်များစွာ ရှိလာသည်။ မကြာသေးမီက မိတ်ဆက်ထားသည့် UN80 ဆောင်ရွက်ချက်၏ အပိုကုန်ကျစရိတ်လျှော့ချရေးအစီအမံများအရ၊ ယန္တရားသည် ၂၀၂၆ ခုနှစ် ပုံမှန်ရန်ပုံငွေဖြင့် ခန့်အပ်ထားသော ဝန်ထမ်းများ၏ ၂၀ ရာခိုင်နှုန်းထိ လျှော့ချရန် လိုအပ်လာသည်။ ယင်းငွေကြေးဆိုင်ရာဖိအားများသည် ယန္တရား၏ အရေးပါသောလုပ်ငန်းများကိုလုပ်ဆောင်နိုင်စွမ်းနှင့် နိုင်ငံတကာတရားမျှတမှုရရှိရေးလုပ်ငန်းစဉ်များအား ဆက်လက်ပံ့ပိုးနိုင်စွမ်းကို ခြိမ်းခြောက်နေသည်။

ဘတ်ဂျက်နှင့်ပတ်သက်သည့်စိန်ခေါ်မှုများအပြင်၊ အဖွဲ့ဝင်နိုင်ငံများစွာက ကြေညာခဲ့သည့် ရန်ပုံငွေထည့်ဝင်မှုလျှော့ချခြင်းကြောင့် သက်သေကာကွယ်မှုနှင့်ပံ့ပိုးမှု၊ အထောက်အထားစိစစ်သုံးသပ်ခြင်းနှင့် ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးမှုများအပါအဝင်၊ အဓိကအလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် လုပ်ဆောင်နေသည့် စီမံကိန်းများ၏ အနာဂတ်သည်လည်း မသေချာမရေရာဖြစ်နေသည်။

ယန္တရားသည် မိမိတို့၏စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ဦးစားပေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများက ပုံမှန်ရန်ပုံငွေနှင့် အပိုရန်ပုံငွေများဖြင့် ထောက်ပံ့ပေးရန် ကြိုဆိုလျက်ရှိပါသည်။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများစွာ၏ ငွေကြေးထောက်ပံ့မှုများကို အထူးကျေးဇူးတင်ရှိပြီး အခြားနိုင်ငံများထံမှလည်း အလားတူထောက်ပံ့မှုများရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

## အလှူရှင်နိုင်ငံများ

သြစတြေးလျ၊ သြစတြီးယား၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ မော်လ်တာ၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စု။

## လုပ်ငန်းဆိုင်ရာတိုးတက်မှုများ

**၁,၀၀၀**

မိတ်ဖက်နှင့် ရင်းမြစ်ပေါင်း ၁,၀၀၀ ကျော်နှင့်ဆက်သွယ်ခဲ့သည်။

**၅၄၀**

သက်သေများနှင့် ထိခိုက်နစ်နာသူများ၏ ထွက်ဆိုချက်ပေါင်း ၅၄၀ ကျော် စုဆောင်းခဲ့သည်။

**၁၂၀**

အချက်အလက်များနှင့် စိစစ်သုံးသပ်ချက် ဖိုင်တွဲပေါင်း ၁၂၀ ကျော် မျှဝေခဲ့သည်။

၂၀၂၅ ခုနှစ် ဇွန်လအထိ

## ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးမှုများ

မဟာဗျူဟာစီမံကိန်းနှင့်အညီ ယန္တရားသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်သော ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများတွင် ငွေကြေးထောက်ပံ့ခဲ့သော သို့မဟုတ် အကျိုးအမြတ်ရခဲ့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ၎င်းတို့နှင့်ဆက်စပ်သော ငွေကြေးဆိုင်ရာအချက်အလက်များ၊ အထောက်အထားများ စုဆောင်းရန် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ယန္တရား၏ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာများ၏ လယ်ယာမြေအိုးအိမ်များ ဖျက်ဆီးခံရခြင်းနှင့် သိမ်းပိုက်ခံရခြင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထို့အပြင် ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်နိုင်ကြောင်းသိလျက်နှင့် လက်နက်ခဲယမ်းများ၊ ပစ္စည်း ကိရိယာများ သို့မဟုတ် ငွေကြေးထောက်ပံ့ခဲ့သူများ၏ ပါဝင်မှုကိုလည်း စုံစမ်းစစ်ဆေးနေသည်။ ယင်းကဲ့သို့သော ရာဇဝတ်မှုများကျူးလွန်နိုင်ရန် အထောက်အကူပြုသည့်ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများကို ရာဇဝတ်မှုများအတွက်တာဝန်ရှိသူအဖြစ် သတ်မှတ်နိုင်သည်။

ယန္တရားသည် ဘဏ်ငွေရွှေ့ပြောင်းမှုများ၊ ငွေသားပြောင်းလဲမှုများ၊ အိမ်ရာမြေပိုင်ဆိုင်မှု၊ လက်နက်ထောက်ပံ့ရေးကွင်းဆက်များ၊ စစ်ဘက်နှင့်အရပ်ဘက်အရာရှိများ၏ပိုင်ဆိုင်မှုများ၊ စီးပွားရေးလုပ်ငန်းကြီးများ သို့မဟုတ် အကျိုးစီးပွားအုပ်စုများ၏ အချက်အလက်များကို ကြိုဆိုလက်ခံပါသည်။ ဤငွေကြေးဆိုင်ရာအချက်အလက်များသည် ရာဇဝတ်မှုတရားစွဲဆိုသည့်လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေနိုင်သည်။ ထို့အပြင် ကျူးလွန်သူများကိုခြေရာခံဖမ်းဆီးရန်၊ အနာဂတ်တွင် ရာဇဝတ်မှုများဆက်လက်ကျူးလွန်ခြင်းမရှိစေရေးအတွက် အရင်းအမြစ်များကို ဖြတ်တောက်ရန်၊ ထိခိုက်နစ် နာသူများအား နစ်နာကြေးပေးနိုင်မည့် အခွင့်အလမ်းများရရှိရန် အထောက်အကူပြုနိုင်သည်။

ယန္တရားသည် ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးမှုများကိုအသုံးပြုပြီး၊ တရားစီရင်ပိုင်ခွင့်ရှိသော တရားရေးအာဏာပိုင်အသစ်များနှင့် မျှဝေရန် ကြိုးပမ်းလျက်ရှိသည်။ အာဏာသိမ်းပြီး နောက်ပိုင်းကျူးလွန်သည့်ရာဇဝတ်မှုများနှင့်သက်ဆိုင်သော အချက်အလက်များကို ယူကေနိုင်ငံ အာဏာပိုင်များက ယန္တရားထံသို့ မကြာသေးမီက တောင်းဆိုချက်ပေးပို့ထားပြီး ယန္တရားဘက်ကလည်း ပြန်လည်အကြောင်းပြန်ထားပြီး ဖြစ်သည်။

## ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးမှုများ

ယန္တရား၏ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၁ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများကိုစုံစမ်းစစ်ဆေးရန် ခေတ်မီဒစ်ဂျစ်တယ်နည်းလမ်းများကို အသုံးပြုလျက်ရှိသည်။ ယင်းစုံစမ်းစစ်ဆေးမှုများတွင် အင်တာနက်ပေါ်ရှိ လူအများအလွယ်တကူရရှိနိုင်သည့် ဗီဒီယိုဖိုင်များ၊ ဓာတ်ပုံများ၊ ဆိုရှယ်မီဒီယာပို့စ်များမှ အချက်အလက်များအား ရှာဖွေဖော်ထုတ်ခြင်း၊ ခိုင်လုံမှုကို စစ်ဆေးခြင်းနှင့် စစ်မှန်ကြောင်းအတည်ပြုခြင်းစသည့် လုပ်ငန်းစဉ်များ ပါဝင်သည်။ စုံစမ်းစစ်ဆေးသူများသည် အဆင့်မြင့်နည်းပညာများကိုအသုံးပြု၍ ဗီဒီယိုနှင့်ဓာတ်ပုံများကို မည်သည့်နေရာ၊မည်သည့်အချိန်တွင် ရိုက်ယူခဲ့သည်ကို (တည်နေရာနှင့်အချိန်ရှာဖွေသည့်နည်းပညာဖြင့်) ဖော်ထုတ်နိုင်သည်။ ထို့အပြင် မြောက်မြားစွာသော ဒေတာအစုအဖွဲ့ထဲမှ စုံစမ်းစစ်ဆေးရေးနှင့်ဆိုင်သည့်အချက်အလက်များကို ခွဲထုတ်ကာ၊ ဗီဒီယို၊ ဓာတ်ပုံနှင့် အသံဖိုင်များကို ပိုမိုရှင်းလင်းအောင် ပြုပြင်ခြင်းနှင့် အတည်ပြုစိစစ်ခြင်းများ ပြုလုပ်နိုင်သည်။ ထို့အပြင် AI ဖြင့်ဖန်တီးထားသော အကြောင်းအရာများကိုလည်း ခွဲခြား ဖော်ထုတ်နိုင်သည်။

ထို့အပြင်၊ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိပ်တန်းခေါင်းဆောင်များနှင့် ရာဇဝတ်မှုများကိုချိတ်ဆက်ဖို့ရာ ယင်းပုဂ္ဂိုလ်များက ရာဇဝတ်မှုများအကြောင်းနှင့် ကျူးလွန်ရန်ရည်ရွယ်ချက်ကို သိရှိထားခြင်း ရှိ၊မရှိ၊ ရာဇဝတ်မှုများကို ထိရောက်စွာထိန်းချုပ်ထားခြင်း ရှိ၊မရှိကို ပြသနိုင်သည့် အများပြည်သူထံသို့ထုတ်ပြန်သော ကြေညာချက်များကိုလည်း စိစစ်လျက်ရှိသည်။ ယန္တရား၏ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မနှစ်က ထုတ်ပြန်ခဲ့သည့် **အမုန်းစကားဆိုင်ရာအစီရင်ခံစာ**ကို အခြေပြုကာ ရိုဟင်ဂျာမုန်းတီးရေးစကားများ ပျံ့နှံ့စေရန် ပါဝင်လုပ်ဆောင်သူများ၏ အွန်လိုင်းလှုပ်ရှားမှုများကိုလည်း ခြေရာခံ စုံစမ်းစစ်ဆေးလျက်ရှိသည်။

## မျှဝေခြင်း

ယန္တရားသည် နိုင်ငံတကာရာဇဝတ်ခုံရုံး၊ အာဂျင်တီးနား ဖက်ဒရယ်တရားရုံးနှင့် နိုင်ငံတကာတရားရုံးတို့တွင် ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများကို စစ်ဆေးနေသည့် တရားရေးလုပ်ငန်းစဉ်များအတွက် အထောက်အထားနှင့် စိစစ်သုံးသပ်ချက်ပေါင်း တစ်သန်းကျော်ကို မျှဝေပေးခဲ့ပြီး ဖြစ်သည်။

အဆိုပါတရားစီရင်ခွင့်ရှိသည့်တရားရုံးသုံးခုအပြင် ယန္တရားသည် ယူကေရှိ သက်ဆိုင်ရာအာဏာပိုင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယန္တရား၏လုပ်ပိုင်ခွင့်အောက်ရှိ ရာဇဝတ်မှုများနှင့်သက်ဆိုင်သော အချက် အလက်များကို မျှဝေပေးလျက်ရှိသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့၏ စစ်ရာဇဝတ်မှုအဖွဲ့လည်းပါဝင်ပြီး၊ ယင်းအဖွဲ့သည် နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေရုံးမှ စဉ်းစားသုံးသပ်လျက်ရှိသောအမှုများကို ထပ်တူပြု၍ ဖွဲ့စည်းပုံဆိုင်ရာစုံစမ်းစစ်ဆေးမှုများကို စတင်လုပ်ဆောင်လျက်ရှိသည်။

# ရာဇဝတ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေးခြင်း

မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ကြီးလေးသည့်နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ယန္တရား သည် ရာဇဝတ်မှုများကို တိုက်ရိုက်ကျူးလွန်သူများသာမက စီစဉ်သူ၊ အမိန့်ပေးသူ၊ လှုံ့ဆော်သူ သို့မဟုတ် ထောက်ပံ့သူများ၊ သို့မဟုတ် ယင်းရာဇဝတ်မှုများကို ကာကွယ်တားဆီးရန် သို့မဟုတ် အပြစ်ပေးအရေးယူရန် ပျက်ကွက်သူများအပါအဝင် တာဝန်ရှိသူအားလုံးကို ဖော်ထုတ်ရန် ရည်ရွယ်သည်။

ယန္တရားသည် ကျူးလွန်သူ၏ မျိုးနွယ်စု၊ နိုင်ငံရေးယုံကြည်မှု သို့မဟုတ် ရာထူးအဆင့်အတန်းများ မခွဲခြားဘဲ ပြစ်မှုကျူးလွန်သူအားလုံးကို စုံစမ်းစစ်ဆေးသည်။ စစ်ဘက်ဖြစ်စေ၊ အရပ်သားဖြစ်စေ၊ အစိုးရအရာရှိဖြစ်စေ၊ ပြည်သူဖြစ်စေ၊ မည်သူမဆို လူမျိုးပြုန်းတီးစေမှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကိုကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရမည်။

ရာဇဝတ်မှုများအတွက် တာဝန်ရှိမှုပုံစံအမျိုးမျိုးမှာ -

- **တိုက်ရိုက်ပါဝင်မှု** – ရာဇဝတ်မှုတစ်ခုကို စီမံခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းဖြင့် ကိုယ်တိုင်ပါဝင်ကျူးလွန်သူများ သို့မဟုတ် ကိုယ်တိုင်အထောက်အကူပေးသူများ။ တိုက်ပွဲများတွင် စစ်တိုက်နေသူများလည်း ပါဝင်သည်။
- **သွယ်ဝိုက်စွာပါဝင်မှု** – ငွေကြေး၊ လက်နက်များ ထောက်ပံ့ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းဖြင့် ရာဇဝတ်မှုများကို အထောက်အကူပေးသူများ။ ဥပမာအားဖြင့်၊ စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည့် အဖွဲ့မှန်းသိလျက် လက်နက်များထောက်ပံ့ပေးသည့် အစိုးရအရာရှိတစ်ဦးကို သွယ်ဝိုက်စွာပါဝင်သူ အဖြစ် ယူဆနိုင်သည်။
- **အုပ်ချုပ်မှုအရ တာဝန်ရှိမှု** – မိမိ၏လက်အောက်ငယ်သားများက ကျူးလွန်သည့်ရာဇဝတ်မှုများကို သိလျက် သို့မဟုတ် သိသင့်သူဖြစ်ပါလျက်၊ ယင်းပြစ်မှုများကို တားဆီးရန် သို့မဟုတ် ကျူးလွန်သူများကို အပြစ်ပေးရေးယူရန် ပျက်ကွက်ခဲ့သော စစ်ဘက်၊ အရပ်ဘက်ခေါင်းဆောင်များ။ ယင်းခေါင်းဆောင်သည် တပ်မှူး သို့မဟုတ် အထက်အရာရှိအဖြစ် တရားဝင်ခန့်အပ်ထားသူဖြစ်ရန် မလိုပါ။ ယင်းပုဂ္ဂိုလ်တွင် ထိရောက်သော ထိန်းချုပ်ကွပ်ကဲမှုရှိ၊ မရှိသည်သာ အဓိကဖြစ်သည်။ ဆိုလိုသည်မှာ ရာဇဝတ်မှုကျူးလွန်သည်ကို တားဆီးရန် သို့မဟုတ် အပြစ်ပေးအရေးယူရန် အမှန်တကယ် အာဏာရှိခြင်း၊ မရှိခြင်းသည် အဓိက ကျသည်။
- **ပူးပေါင်းကြံစည်မှု** – ပြစ်မှုတစ်ခုကိုကျူးလွန်ရန် လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများကြား ပူးပေါင်းကြံစည်သည့် အစီအမံတစ်ခု။ အကယ်၍ လူတစ်ဦးသည် တိုက်ရိုက်မပါဝင်သည့်တိုင်၊ ထိုအစီအမံ အောင်မြင်စေရန် အကူအညီပေးပါက ၎င်းသည်လည်း တာဝန်ရှိသူဖြစ်နိုင်သည်။

ယေဘုယျအားဖြင့် နိုင်ငံတကာရာဇဝတ်မှုဥပဒေတွင်၊ ရာဇဝတ်မှုများအတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်များအဖြစ် ရှုမြင်ခံရသူများမှာ ထိုပြစ်မှုများကို စီစဉ်ခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ခွင့်ပြုခြင်းများ ပြုလုပ်ခဲ့သော အဆင့်အမြင့်ရာထူးတာဝန်ရှိသူများ ဖြစ်သည်။ ယင်းအဆင့်မြင့်အာဏာပိုင်များကို စုံစမ်းစစ်ဆေးရန် အလွန်ခက်ခဲသည်။ ၎င်းတို့သည် များသောအားဖြင့် မှုခင်းဖြစ်စဉ်နေရာတွင် ကိုယ်တိုင်ပါဝင်လေ့မရှိဘဲ၊ နောက်ကွယ်မှသာ ပါဝင်လေ့ရှိသည်။ ထို့ကြောင့် ယန္တရားသည် အဆင့်မြင့်အရာရှိများ သို့မဟုတ် ခေါင်းဆောင်များ၏လုပ်ဆောင်ချက်များကို အခြားသူများကျူးလွန်သောရာဇဝတ်မှုများနှင့် ချိတ်ဆက်သည့် အထောက်အထားများကို ရှာဖွေစုဆောင်းလျက်ရှိသည်။ ယင်းသို့ ချိတ်ဆက်ပေးသည့် အထောက်အထားဆိုသည်မှာ ဘက်ပြောင်းထွက်ပြေးလာသူများနှင့် အတွင်းသတင်းသိသူများ၏ ထွက်ဆိုချက်များ၊ ကြားဖြတ်ဖမ်းယူရရှိသော ဆက်သွယ်ရေးမှတ်တမ်းများ၊ သိသာထင်ရှားသည့် အမိန့်ညွှန်ကြားချက်များ၊ အများပြည်သူထံထုတ်ပြန်ချက်များ သို့မဟုတ် ပြုလေ့ပြုထရှိသောအမူအကျင့်အများ ပါဝင်သည်။

မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သူများအကြောင်း အချက်အလက်ရှိထားသည့် မည်သူမဆို ယန္တရားထံ လျှို့ဝှက်လုံခြုံစွာ ဆက်သွယ်နိုင်ပါသည်။



© IIMM/Illustration by JC

# လူထုဆက်ဆံရေးလုပ်ငန်း

## အရပ်ဘက်လူမှုအဖွဲ့အစည်းများဒိုင်ယာလော့

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ယန္တရား၏လုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းတို့သည် စုံစမ်းစစ်ဆေးရေးဆိုင်ရာသဲလွန်စများ၊ မှတ်တမ်းမှတ်ရာများ ပံ့ပိုးပေးကြသကဲ့သို့ သက်သေများနှင့်ချိတ်ဆက်ရာတွင်လည်း ကူညီပေးသည်။ ၎င်းတို့သည် များသောအားဖြင့် အန္တရာယ်ကြီးမားသည့်အခြေအနေများတွင် လုပ်ဆောင်ကြရသည်။

အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုမြှင့်တင်ရန်၊ ယန္တရားသည် လူကိုယ်တိုင်တက်ရောက်ရသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများဒိုင်ယာလော့ကို နှစ်စဥ်ကျင်းပလျက်ရှိသည်။ ၂၀၂၅ ခုနှစ် မေလတွင်၊ ယန္တရား၏ဝန်ထမ်းများသည် မြန်မာနိုင်ငံတွင်ကျူးလွန်သည့် ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုများကို မှတ်တမ်းတင်ပြီး တုံ့ပြန်ဆောင်ရွက်နေကြသော မတူကွဲပြားသည့်အသိုင်းအဝိုင်းများမှ အရပ်ဘက်လူမှုအဖွဲ့ အစည်းပေါင်း (၂၀)၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယန္တရား၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းလုပ်ဆောင်ပုံများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက မျှဝေပေးသည့်အချက်အလက်များသည် စုံစမ်းစစ်ဆေးမှုများကို မည်သို့ပံ့ပိုးပေးသည်ဆိုသည့်အကြောင်းများကို အပြန်အလှန် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များသည် ရန်ပုံငွေမလုံလောက်မှုများ၊ စိတ်ဒဏ်ရာနှင့် လုံခြုံရေးအန္တရာယ်တိုးလာသောကြောင့် ၎င်းတို့၏လုပ်ငန်းများအားသက်ရောက်ပုံကို မျှဝေခဲ့ကြသည်။ ထို့အပြင် ယန္တရားအနေဖြင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်စေရန်၊ မြေပြင်အခြေအနေများကို ပိုမိုကောင်းမွန်စွာတုံ့ပြန်နိုင်ရန် အရေးပါသောအကြံပြုချက်များကိုလည်း တင်ပြခဲ့သည်။

ဤဆွေးနွေးပွဲမတိုင်မီက ပါဝင်သူများ၏ ၂၀ ရာခိုင်နှုန်းကသာ ယန္တရား၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းများကို ရှင်းလင်းစွာနားလည်ကြောင်း ဖော်ပြခဲ့ကြသည်။ ဆွေးနွေးပွဲပြီးဆုံးချိန်တွင် ပါဝင်သူများ၏ ၈၄ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပြီး၊ ပါဝင်သူများ၏ ၁၀၀ ရာခိုင်နှုန်းသည် အနာဂတ်တွင် ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဖော်ပြခဲ့ကြသည်။

## စုံစမ်းစစ်ဆေးမှုများကို ရှင်းလင်းခြင်း

ဦးစားပေးစုံစမ်းစစ်ဆေးမည့်အမှုများကို ယန္တရားက ဘယ်လိုရွေးချယ်သလဲ။ လိင်နှင့်ဂျင်ဒါ အခြေပြု ရာဇဝတ်မှုများ၊ ကလေးများကို ကျူးလွန်သည့် သို့မဟုတ် ထိခိုက်စေသည့် ရာဇဝတ်မှုများကို ဘယ်လိုစုံစမ်းစစ်ဆေးသလဲ။ ငွေကြေးဆိုင်ရာနှင့် ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးမှုများတွင် မည်သည့်အကြောင်းများကို ဦးစားပေးလုပ်ဆောင်သလဲ။

ဤမေးခွန်းများအတွက် အဖြေများကို ယန္တရား၏ ဝက်ဘ်ဆိုက် နှင့် ဖေ့စ်ဘုတ် စီးရီးအသစ်တွင် အင်္ဂလိပ်နှင့် မြန်မာနှစ်ဘာသာဖြင့် နားလည်ရန်လွယ်ကူပြီး နည်းပညာအသုံးအနှုန်း မပါဝင်သောပုံစံဖြင့် တင်ပြထားပါသည်။




## အခမ်းအနား



၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် Rohingya Centre UK က စီစဥ်ကျင်းပသည့် ရိုဟင်ဂျာလူမျိုးများစည်းလုံးညီညွတ်မှုနိုင်ငံတကာနေ့ ဖွင့်ပွဲအခမ်းအနားသို့ ယန္တရား၏ အကြီးအကဲ နီကိုလတ်စ်ခွန်ဂျန်က တက်ရောက်ခဲ့သည်။

## အတင်းအကြပ် စစ်သားစုဆောင်းခြင်း သို့မဟုတ် စစ်မှုထမ်းခိုင်းခြင်းသည် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု ဖြစ်ပါသလား။

စစ်သားစုဆောင်းခြင်းဆိုသည်မှာ စစ်တပ်တွင် တာဝန်ထမ်းဆောင်ရန် လူအများကို ဆွဲဆောင်ခြင်း၊ အားပေးခြင်း ဖြစ်ပြီး၊ စစ်မှုထမ်းခိုင်းခြင်းဆိုသည်မှာ မဝင်မနေရ သို့မဟုတ် မဖြစ်မနေ စစ်တပ်ထဲဝင်ရခြင်းကို ရည်ညွှန်းသည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာဥပဒေများတွင် အရွယ်ရောက်ပြီးသူများအား စစ်သားအဖြစ်စုဆောင်းခြင်း သို့မဟုတ် စစ်မှုထမ်းခိုင်းခြင်းကို ယေဘုယျအားဖြင့် ခွင့်ပြုထားသော်လည်း၊ ကလေးများ ပါဝင်လာသည့်အခါ ယင်းသို့ စစ်သားစုဆောင်းခြင်းကို စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။

စစ်ပွဲများတွင် အသက် ၁၅ နှစ်အောက် ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်း သို့မဟုတ် အသုံးပြုခြင်းကို ရောမစာချုပ်၊ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အခြားနိုင်ငံတကာသဘောတူစာချုပ်များအရ တားမြစ်ထားပြီး စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ အသက် ၁၅ နှစ်အောက် ကလေးများသည် စစ်မှုထမ်းခြင်း၏ သဘောတရားကို ကျေလည်စွာ သိရှိနားလည်ပြီး သဘောတူညီမှုပေးနိုင်ခြင်းမရှိသေးဟု ယူဆသောကြောင့်ဖြစ်သည်။ ယန္တရားသည် မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့များက ကလေးများအား စစ်မှုထမ်းခိုင်းစေသည့်အမှုများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

## နိုင်ငံတကာရာဇဝတ်မှုခုံရုံး (အိုင်စီစီ) ကဲ့သို့သော နိုင်ငံတကာတရားရုံးများက ထုတ်ပြန်သည့် ဖမ်းဝရမ်းများကို ဘယ်သူက အကောင်အထည်ဖော်သလဲ။

ဖမ်းဝရမ်းအမျိုးအစားနှင့် တရားစီရင်ပိုင်ခွင့်တို့ကိုမူတည်၍ ဖမ်းဝရမ်းကိုအကောင်အထည်ဖော်ရန် တာဝန်ရှိသည့်အဖွဲ့အစည်းများ ပြောင်းလဲနိုင်သည်။

နိုင်ငံတွင်းဖမ်းဝရမ်းကို ရဲတပ်ဖွဲ့ကဲ့သို့သော ပြည်တွင်းတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်သည်။ အချို့သောဖြစ်ရပ်များတွင်၊ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံရပ်ခြားရှိတရားရုံးများက ထုတ်ပြန်သည့်ဖမ်းဝရမ်းများကို အကောင်အထည်ဖော်ရန် သဘောတူကောင်းတူနိုင်သည်။

အိုင်စီစီတွင် ကိုယ်ပိုင်ရဲတပ်ဖွဲ့မရှိပါ။ တရားလိုရှေ့နေရုံး၏ တောင်းဆိုမှုကြောင့် တရားသူကြီးများက လူတစ်ဦးအား ဖမ်းဝရမ်းထုတ်ရန် ဆုံးဖြတ်သည့်အခါ၊ အိုင်စီစီသည် အဖွဲ့ဝင်နိုင်ငံ ၁၂၅ နိုင်ငံကို အားကိုးရသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းတရားဥပဒေစိုးမိုးရေးအဖွဲ့များမှတဆင့် ဖမ်းဝရမ်းကိုအကောင်အထည်ဖော် ဆောင်ရွက်သည်။ အိုင်စီစီသည် ဖမ်းဝရမ်းများကိုအကောင်အထည်ဖော်နိုင်ရေး၊ သံသယရှိသူများကို သည်ဟိတ်မြို့ရှိ အိုင်စီစီ၏တရားသူကြီးများရှေ့မှောက်သို့ခေါ်ဆောင်လာနိုင်ရေးအတွက် အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့ များစွာနှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။

လူတစ်ဦးကိုဖမ်းဝရမ်းထုတ်ပြန်ထားကြောင်း အသိပေးဖော်ပြရန်နှင့် ဖမ်းဆီးရာတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံထံမှ အကူအညီတောင်းခံရန်အတွက် အိုင်စီစီသည် အင်တာပိုလ်ခေါ် နိုင်ငံတကာရဲတပ်ဖွဲ့ ကို အသုံးပြုနိုင်သည်။

အင်တာပိုလ်အဖွဲ့ကိုယ်တိုင်လည်း ဖမ်းဆီးခြင်းမပြုလုပ်ပါ။ ၎င်း၏အဖွဲ့ဝင်နိုင်ငံများကသာ နိုင်ငံတကာဖမ်းဝရမ်းများကို အခြေပြု၍ ဖမ်းဆီးနိုင်သည်။ အိုင်စီစီ၏တရားသူကြီးများက ဖမ်းဝရမ်း ထုတ်သည့်အခါ အဆိုပါဝရမ်းကို အင်တာပိုလ်မှတဆင့် အသိပေးဖော်ပြပြီး၊ ဝရမ်းထုတ်ခံရသည့်ပုဂ္ဂိုလ်များအား အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ရန် တောင်းဆိုနိုင်သည်။ သို့ရာတွင်၊ အနီရောင်အဆင့်သတိပေးချက်ကို အရေးယူဆောင်ရွက်ရန်ဆုံးဖြတ်ချက်သည် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းဥပဒေများ၊ အိုင်စီစီ၏ တရားစီရင်ပိုင်ခွင့်ကို အသိအမှတ်ပြုမှု ရှိ၊မရှိ၊ အခြားဖြစ်နိုင်သော ထည့်သွင်းစဉ်းစားချက်များအပေါ် မူတည်သည်။